

## အဓိက အကြောင်းအရာနှင့် သတင်းစကားများ

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် မဟာမိတ်ပြုထားသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် အကြား ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် အရပ်သား သေဆုံးဒဏ်ရာရမှုများ တိုးမြင့်လာခဲ့ပါသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလ အတွင်း အရပ်သား ၁၄ ဦး သေဆုံးခဲ့ရာ အမျိုးသား ၁၂ ဦးနှင့် မိန်းကလေး ၂ ဦး ပါရှိပါသည်။ ဒဏ်ရာရသူ ၂၇ ဦးရှိရာတွင် အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီး ၂ ဦး ပါဝင်ပါသည်။ ဖော်ပြပါ အရေအတွက်များအားလုံးသည် ရှမ်းပြည်နယ် အတွင်း တိုက်ပွဲ၊ ဗုံးပေါက်ကွဲမှု၊ မြေမြှုပ်မိုင်း၊ လက်နက်ငယ်ဖြင့် ပစ်ခတ်မှု၊ တရားမဲ့သတ်ဖြတ်မှုကြောင့် သေဆုံးဒဏ်ရာရသူများ ဖြစ်ပါသည်။ လိင်၊ ကျား-မအခြေပြု အကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖျက်မှုများ တိုးမြင့်ပျံ့နှံ့ ဖြစ်ပေါ်လာကြောင်းကိုလည်း ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း အတွင်းရှိ စွမ်းအသင်း၏ ကွန်ရက်မှတဆင့် သိရှိ မှတ်တမ်းရခဲ့ပါသည်။ ရရှိခဲ့သည့် သတင်းများအရ အိမ်တွင်းအကြမ်းဖက်မှု ၅ ခု၊ မုဒိမ်းမှု ၁ ခု၊ သက်ငယ် မုဒိမ်းမှု ၁ ခု၊ မုဒိမ်းကျင့်ရန် ကြိုးစားမှု ၂ ခု ဖြစ်ပွားခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ဤကာလအတွင်း အကြောင်းမဲ့ ဖမ်းဆီးထိန်းသိမ်းမှု၊ အတင်းအကြပ် အခွန်ကောက်ခံမှု၊ အရပ်သားများအား ဓားစာခံအဖြစ် အသုံးပြုမှုနှင့် လူသတ်မှု အစရှိသည့် အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ဖြစ်ပွားခဲ့ပါသည်။

### Violent Incidents: Civilian Casualties and Injuries




### SGBV and Domestic Violence Incidents




## ရှမ်းပြည်နယ် တောင်ပိုင်း

- တောင်ကြီးနှင့် ဖယ်ခုံမြို့နယ်များတွင် ဗုံးပေါက်ကွဲမှုများကြောင့် ၅ ဦးသေဆုံးကာ ၁၆ ဦး ဒဏ်ရာရခဲ့ပါသည်။
- မိုးဗြဲဒေသ၊ လဲချားနှင့် မိုင်းကိုင်မြို့နယ်များတွင် မြေမြှုပ်မိုင်းကြောင့် ၁ ဦးသေဆုံးကာ ၃ ဦး ဒဏ်ရာရခဲ့ပါသည်။
- အေးသာယာမြို့တွင် အာဏာသိမ်းစစ်တပ်က တရားမဲ့သတ်ဖြတ်မှုကြောင့် ၁ ဦး သေဆုံးခဲ့ပါသည်။

## ရှမ်းပြည်နယ် မြောက်ပိုင်း

- ကွတ်ခိုင်မြို့နယ်တွင် အာဏာသိမ်း စစ်တပ်နှင့် PDF၊ KIA ပူးပေါင်းတပ်ဖွဲ့ တိုက်ပွဲ ဖြစ်ပွားခဲ့သောကြောင့် ၃ ဦး ဒဏ်ရာခဲ့ပါသည်။
- လားရှိုးမြို့နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ၁ ဦး သေဆုံးခဲ့ပါသည်။
- ကျောက်မဲ၊ သိန္နီနှင့် မူစယ် မြို့နယ်များတွင် အာဏာသိမ်းစစ်တပ်က မဆင်မခြင် လက်နက်ဖြင့် ပစ်ခတ်မှုကြောင့် ၄ ဦးသေဆုံး၊ ၂ ဦး ဒဏ်ရာရခဲ့ပါသည်။
- ကျောက်မဲမြို့နယ်တွင် မြေမြှုပ်မိုင်းကြောင့် ၁ ဦးသေဆုံး၊ ၁ ဦးဒဏ်ရာရခဲ့ပါသည်။
- မူစယ်မြို့နယ်တွင် အမည်မသိ လက်နက်ကိုင်အဖွဲ့ တဖွဲ့က တရားမဲ့သတ်ဖြတ်မှုကြောင့် ၁ ဦး သေဆုံးခဲ့ပါသည်။

**83**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင် ထိခိုက်သေဆုံးသူ အရေအတွက်

**126**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

**94**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လိင်၊ ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှု အရေအတွက်

**248**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင် အကြောင်းမဲ့ ဖမ်းဆီးခံရသူ အရေအတွက်

## လက်နက်ကိုင်တိုက်ပွဲများနှင့် ပဋိပက္ခ အလားအလာ

ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ အကြား ပြင်းထန်စွာ ဆက်လက် ဖြစ်ပွားနေပါသည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနန့်ပါဒေသတွင် ကျင်းပနေသည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ၏ (၆၂) ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်က လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ရာ ထိခိုက်သေဆုံးသူ ၈၀ ထက် မနည်း ရှိခဲ့ပါသည်။[1] ယခုအခါ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် အကြား တိုက်ပွဲများသည် ရှမ်းပြည်နယ် မြောက်ပိုင်းအနှံ့ အရှိန်မြင့်တက်လာခဲ့ပါသည်။ အဆိုပါ တိုက်ပွဲများကြောင့် ဒေသခံ လူထုက ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရပြီး အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိပါသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နမ္မတူ၊ ကွတ်ခိုင်နှင့် မူစယ် မြို့နယ်များတွင် KIA၊ PDF မဟာမိတ် အဖွဲ့နှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်တို့ အကြား တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလျက်ရှိပါသည်။ ထို့အပြင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များကလည်း အတင်းအကြပ် စစ်အင်အား စုဆောင်းလျက်ရှိပါသည်။ အထူးသဖြင့် ရှမ်းပြည် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSA မြောက်ပိုင်း) ရှမ်းပြည်နယ် မြောက်ပိုင်းက စစ်သားအဖြစ် စုဆောင်းရာမှာ မိသားစု တခုလုံးကို ခြိမ်းခြောက်သည့်အပြင် အတင်းအကြပ် အခွန်ကောက်ခံလျက် ရှိပါသည်။[2] ထို့အတူ တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)[3] ကလည်း ကျောက်မဲမြို့နယ်တွင် အတင်းအကြပ် စစ်သားစုဆောင်းလျက်ရှိရာ လူငယ်များလည်း ပါဝင်သွားပါသည်။

ရှမ်းပြည်နယ် တောင်ပိုင်းတွင်မူ တိုက်ပွဲများ လျော့နည်းသွားပါသည်။ သို့သော်လည်း ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကရင်နီ/ကယား ပြည်နယ်မှ စစ်ဘေးရှောင်များသည် တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်နှင့် နောင်ချို မြို့နယ်များတွင် ခိုလှုံနေရဆဲ ဖြစ်ပါသည်။

## အရပ်သားများအား ပစ်မှတ်ထားခြင်း၊ တရားမဲ့ သတ်ဖြတ်ခြင်း၊ ပစ်ခတ်ခြင်းနှင့် အိုးအိမ်များကို ဖျက်ဆီးခြင်း

### *ရှမ်းပြည်နယ် မြောက်ပိုင်း*

ကျောက်မဲမြို့နယ်တွင် စက်တင်ဘာလ ၁၇ ရက်နေ့က အမျိုးသမီး ၁ ဦးအား ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်မှ အကြောင်းပြချက် မရှိဘဲ ပစ်ခတ်တာကြောင့် ဒဏ်ရာရရှိသွားခဲ့ပါသည်။[4] သီနီမြို့နယ်တွင်လည်း အောက်တိုဘာလ ၆ ရက်နေ့က ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကြောင့် အသက် ၂၀ အရွယ် အမျိုးသား

[1] “The Concert Bombing” *Myanmar Witness*. https://www.myanmarwitness.org/reports/the-concert-bombing. 26 October, 2022.
[2] “We Thought they Would Kill Us’: Conscription campaign terrifies Shan State residents”. *Frontier Myanmar*. https://www.frontiermyanmar.net/en/we-thought-they-would-kill-us-conscription-campaign-terrifies-shan-state-residents/. 22 September, 2022.
[3] “Ta’ang Youths Flee Forced Recruitment in Kyaukme Township” *BNI Online*. https://www.bnionline.net/en/news/taang-youths-flee-forced-recruitment-kyaukme-township. 22 September, 2022.
[4] https://burmese.shannews.org/archives/30361

၁ ဦး သေဆုံးခဲ့ပါသည်။ KIA၊ PDF မဟာမိတ်တပ်များနှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် တို့ တိုက်ခိုက်ကြသည့် အကြား အရပ်သားများ ပိတ်မိနေခဲ့ပါသည်။[5]

နမ္မတူမြို့နယ် အတွင်း စက်တင်ဘာလ ၂၉ ရက်တွင် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်က အရပ်သား နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ KIA၊ PDF မဟာမိတ်တပ်များနှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် တို့ တိုက်ခိုက်ကြသည့် အကြား အရပ်သားများ ပိတ်မိနေခဲ့ပါသည်။[6] ထို့အတူ မန်တုံမြို့နယ် အတွင်း အောက်တိုဘာလ ၄ ရက်နေ့တွင် အာဏာသိမ်းစစ်တပ်က အရပ်သား နေအိမ် အများအပြားကို မီးရှို့ဖျက်ဆီးခဲ့ကာ အရပ်သားများ KIA၊ PDF မဟာမိတ်တပ်များနှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် တို့ တိုက်ခိုက်ကြသည့် အကြား ပိတ်မိနေခဲ့ပါသည်။[7]

ကွတ်ခိုင်မြို့နယ်အတွင်း တိုက်ပွဲများ၊ ဖျက်ဆီးမှုများကြောင့် အရပ်သားပိုင် ပစ္စည်းအိုးအိမ်များ ဆက်လက် ဖြစ်ပွားနေပါသည်။ စက်တင်ဘာလ ၆ ရက်နေ့တွင်း KIA နှင့် မဟာမိတ်ပြုထားသည့် PDF တဖွဲ့နှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် တိုက်ပွဲဖြစ်ပွားခဲ့ရာ အရပ်သား ၃ ဦး ဒဏ်ရာရခဲ့ကြောင်း သိရှိရပါသည်။[8] အောက်တိုဘာလ ၁ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ် ဖတ်ယိုင်း ကျေးရွာတွင် အာဏာသိမ်း စစ်တပ်က အရပ်သားပိုင် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ရာ မွေးမြူထားသည့် တိရစ္ဆာန်များလည်း သေဆုံးခဲ့ပါသည်။ အမည်မသိ လက်နက်ကိုင်အဖွဲ့နှင့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ် တိုက်ခိုက်သည့် ကြားထဲတွင်လည်း အရပ်သားများ ပိတ်မိခဲ့ပါသေးသည်။[9]

မူစယ်မြို့နယ် အတွင်း စက်တင်ဘာလ ၁၃ ရက်နေ့[10]က အမည်မသိ လက်နက်ကိုင်အဖွဲ့ တဖွဲ့ ကမ္ဘောဇဘဏ်ကို လက်နက်ငယ်ဖြင့် ပစ်ခတ်ရာတွင် လူ ၃ ဦးသေဆုံးကာ ၁ ဦး ဒဏ်ရာရခဲ့ပါသည်။ ထို့အပြင် မူစယ်မြို့နယ် အတွင်း၌ လူ ၁ ဦး တရားမဲ့ သတ်ဖြတ်ခံခဲ့ရကြောင်းလည်း သိရပါသည်။ အောက်တိုဘာလ ၆ ရက်နေ့တွင် အမည်မသိ လက်နက်ကိုင်အဖွဲ့ တဖွဲ့က မြို့နယ်တရားသူကြီး ပစ်သတ်ခဲ့ခြင်း ဖြစ်ခဲ့ပါသည်။ အဆိုပါ တရားသူကြီးသည် အကျင့်ပျက်လာဘ်စားကြောင်း နာမည်ထွက်လျက် ရှိပါသည်။[11]

## ***ရှမ်းပြည်နယ် တောင်ပိုင်း***

အေးသာယာမြို့တွင် စက်တင်ဘာလ ၂၉ ရက်နေ့[12] ၌ လူငယ်တဦးကို အာဏာသိမ်း စစ်တပ်က အကြောင်းပြချက်မရှိဘဲ တရားမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါသည်။
ရှမ်းပြည်တောင်ပိုင်း မိုင်းကိုင်၊[13] လဲချား[14] နှင့် မိုးမြဲ[15] ဒေသများတွင် မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် လူ ၃ ယောက်ထိခိုက် ဒဏ်ရာရရှိပြီး၊ ၁ ယောက် ထိခိုက်သေဆုံးခဲ့သည်။

---

5 https://burmese.shannews.org/archives/30800
6 https://burmese.shannews.org/archives/30675
7 https://burmese.shannews.org/archives/30776
8 https://burmese.shannews.org/archives/30169
9 https://burmese.shannews.org/archives/30708

10 https://burmese.shannews.org/archives/30274
11 https://burmese.shannews.org/archives/30788
12 https://burmese.shannews.org/archives/30653
13 https://burmese.shannews.org/archives/30317
14 https://burmese.shannews.org/archives/30268
15 https://burmese.shannews.org/archives/30282

စက်တင်ဘာလ ၄ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် အာဏာသိမ်းစစ်တပ် မှ ကုန်းပေါ်ကျေးရွာ နှင့် တောင်ပို့ကြီးကျေးရွာ ထဲသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ရွာသား ၃ ယောက် ထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။[16] စက်တင်ဘာလ ၂၁ ရက်နေ့တွင်လည်း အာဏာသိမ်းစစ်တပ်မှ လက်နက်ကြီးများဖြင့် ယာစိုက်ခင်းထဲသို့ အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် စိုက်ခင်းထဲ အလုပ်လုပ်နေသူတစ်ဦး ထိခိုက်သေဆုံးခဲ့သည်။[17]

## လိင်နှင့် ကျား-မ အခြေပြု အကြမ်းဖက်မှု (SGBV) များဖြားလာခြင်း

စက်တင်ဘာလနှင့် အောက်တိုဘာလ အတွင်း အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ၉ ခုရှိကြောင်း စွမ်းအဖွဲ့က သတင်းမှတ်တမ်းရရှိခဲ့ပါသည်။ အဆိုပါ အမှုများမှာ အိမ်တွင်းအကြမ်းဖက်မှု ၅ ခု၊ လိင်နှင့် ကျား-မအခြေပြု အကြမ်းဖက်မှု (SGBV) ၄ ခုတို့ ဖြစ်ပါသည်။ အိမ်တွင်း အကြမ်းဖက်မှုများအားလုံးသည် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံခြင်းဖြစ်ပြီး ကျူးလွန်ခံရသူ၏ ခင်ပွန်း/ချစ်သူနှင့် မိသားစုဝင်များက ကျူးလွန်ခဲ့ကြခြင်း ဖြစ်ပါသည်။ လိင်နှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများကို စွမ်းအဖွဲ့သို့ သတင်းပို့ခဲ့ကြခြင်း ဖြစ်ပြီး ဤအမှုမျိုးသည် ၎င်းတို့ရပ်ရွာများတွင် မကြာခဏ ဖြစ်ပေါ်လေ့ရှိသည့် ပြဿနာ တခု ဖြစ်ကြောင်း၊ အများစုကို တိုင်ကြားလေ့ မရှိကြောင်း ကျူးလွန်ခံရသူများက ပြောပြကြပါသည်။

ကျောက်မဲမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုတခု ဖြစ်ပွားခဲ့ပါသည်။ ကျူးလွန်သူက ကျူးလွန်ခံရသူ၏ ဘေးအိမ်တွင် နေထိုင်သူ ဖြစ်ပါသည်။ မိန်းကလေးက ခြေထော့နဲ့ထော့နဲ့ဖြင့် လမ်းလျှောက်နေသည်ကို အိမ်နီးချင်း တဦးက သတိထားမိကာ မုဒိမ်းကျင့်ခံထားရခြင်း ဖြစ်ကြောင်း သတိထားမိကာ မိန်းကလေး၏ မိခင်အား အသိပေးလိုက်ရာမှ အဆိုပါ အမှုကို စတင်စုံစမ်း စစ်ဆေးခဲ့ကြပါသည်။ ကျူးလွန်ခံရသူမှာ အသက် ၃ နှစ်အရွယ် မိန်းကလေးဖြစ်ပြီး မိခင် ဖြစ်သူ အပြင်သွားခိုက်မှာ တဦးတည်း ကစားနေပါသည်။ ၎င်းကျူးလွန်သူသည် အိမ်နီးချင်းများ သတိမပြုမိခင် တွင် ကျူးလွန်သူက ကလေးငယ်အား ရက်ပေါင်းများစွာနှင့် အကြိမ်ကြိမ် မုဒိမ်းကျင့်ခဲ့ခြင်း ဖြစ်ပါသည်။ သီပေါမြို့နယ်တွင်လည်း အခြား မုဒိမ်းမှုတခု ဖြစ်ပွားခဲ့ပါသည်။ ကျူးလွန်သူမှာ ကျူးလွန်ခံရသူနှင့် ချစ်သူရည်းစားဖြစ်ပါသည်။ လက်ထပ်ပြီးမှသာ လိင်ကိစ္စ ပြုမူလိုကြောင်း အမျိုးသမီးက သူ့ချစ်သူအား ပြောသော်လည်း သူ့ချစ်သူက နားမထောင်ဘဲ သူမကို မုဒိမ်းကျင့်ခဲ့ပါသည်။

မုဒိမ်းမှု နှစ်ခု စလုံးတွင် ကျူးလွန်ခံရသူနှင့် ၎င်းတို့မိသားစုဝင်များက ဒေသခံ အာဏာပိုင်များထံ တိုင်ကြားခဲ့သော်လည်း ကျူးလွန်ခံရသူနှင့် ၎င်းတို့မိသားစုဝင်များသည် 'စစ်မှန်သည့် တရားမျှတမှု' မရရှိခဲ့ပါ။ ကျောက်မဲမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုကျူးလွန်သူကို နောင်အခါ ထပ်မံ မကျူးလွန်ရန် ကတိပေးသည့် 'ခံဝန်ချက် လက်မှတ်ထိုး' ဖို့သာ ညွှန်ကြားခဲ့ပါသည်။ သီပေါမြို့နယ်တွင် မုဒိမ်း ကျူးလွန်သူအား ကျူးလွန်ခံရသူကို ငွေကျပ်သိန်းငါးဆယ် လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့ပါသည်။

ကျောက်မဲမြို့နယ်တွင်ပင် အဓမ္မပြုကျင့်ရန် ကြိုးပမ်းမှု တခု ဖြစ်ပွားခဲ့ပါသေးသည်။ ကျူးလွန်ခံရသူ၏ မိခင်က ကျူးလွန်ခံရသူနှင့် လက်ထပ်ပေးရန် စီစဉ်ရွေးချယ်ထားသည့် အမျိုးသားက ကျူးလွန်ခဲ့ခြင်း ဖြစ်ပါသည်။ ကျူးလွန်ခံရသူသည် ၎င်း၏ ခင်ပွန်းနှင့် အချင်းများကာ သူမ၏ မိခင်အိမ်သို့ ပြန်ခဲ့ပါသည်။ ထို့ကြောင့် မိခင်ဖြစ်သူက သမီးအား ၎င်း၏ခင်ပွန်းနဲ့

---

16 https://burmese.shannews.org/archives/30112
17 https://www.kanbawzatainews.com/2022/09/blog-post_223.html

အဆက်အသွယ် ဖြတ်စေကာ နောက်အိမ်ထောင်ပြုစေဖို့ အတင်းအကြပ် စီစဉ်ပါသည်။ သို့သော် သူမ၏ မိခင် ထိုအမျိုးသားအား အိမ်သို့အလည်ဖိတ်၍ ရောက်လာသည့်အခါ ကျူးလွန်ခံရသူက ထိုအမျိုးသားနှင့် အိမ်ထောင်ပြုရန် ငြင်းဆန်ခဲ့ပါသည်။ ထိုသို့ ငြင်းဆန်ခံရသည့်အခါ ထိုအမျိုးသားက ဒေါသထွက်ကာ သူမအား မုဒိမ်းကျင့်ရန် ကြိုးစားခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် သူမက ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ခဲ့ပြီး အန္တရာယ် မရှိဘဲ လွတ်မြောက်ခဲ့ပါသည်။ ဖြစ်ပျက်ခဲ့သမျှကို သူမ၏ မိခင်ကို ပြောပြသော်လည်း မိခင်ဖြစ်သူက နားထောင်ခြင်းမရှိ၊ မေးမြန်းစုံစမ်းခြင်း မရှိဘဲ သူမကို ရိုက်နှက်ခဲ့ပါသည်။ ထို့ကြောင့် သူမလည်း ဒေသခံ အာဏာပိုင်များကိုပင် တိုင်ကြားခြင်းမရှိဘဲ ထွက်ပြေးခဲ့ရပါသည်။ သူမ အနေနဲ့ တရားမျှတရရှိနိုင်ရန် အားကိုးအားထားနှင့် နည်းလမ်းများ မရှိတော့သဖြင့် စိတ်ထိခိုက်ခံစားခဲ့ရပြီးနောက် ပျောက်ကွယ်သွားပါတော့သည်။ ယခုအခါ သူမ ဘယ်သို့ရောက်ရှိနေသည်ကို မည်သူမျှ မသိရကြတော့ပါ။

ခင်ပွန်းဖြစ်သူက အခြားနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်နေသည့် ကလေးတယောက် မိခင်အား မုဒိမ်းကျင့်ရန် ကြိုးစားမှု တခုလည်း သီပေါမြို့နယ်တွင် ဖြစ်ပွားခဲ့ပါသေးသည်။ အိမ်နီးနားချင်းဖြစ်သူ တဦးက သူမအား သူမ၏ နေအိမ်တွင်ပင် နံနက် ၃ နာရီခန့်တွင် မုဒိမ်းကျင့်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ ကံကောင်းစွာဖြင့် သူမ၏ အော်ဟစ် အကူအညီတောင်းသံကို တခြားအိမ်များက ကြားကာ အလျင်အမြန်ရောက်ရှိကာ သူမအား ကယ်ဆယ်နိုင်ခဲ့ပါသည်။ အဆိုပါ အမှုကို ရွာလူကြီးအား တိုင်ကြားခဲ့ရာ ကျူးလွန်သူက ကျူးလွန်ခံရသူကို ငွေကျပ်သိန်းလေးဆယ် ပေးလျော်ရန် ဒဏ်တပ်ခံခဲ့ရာ လျော်ကြေးငွေ သိန်း ၁၆၀ ရရှိလိုကြောင်း တောင်းဆိုခဲ့သည့် ကျူးလွန်ခံရသူမှာ ကျေနပ်နိုင်ခြင်း မရှိပေ။

## လိင်နှင့်ကျား-မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခံရသူများ အတွက် အရေးပေါ် ဝန်ဆောင်မှု ရယူနိုင်ခြင်း

ထောက်ပံ့ရေး ပစ္စည်းများ သယ်ယူပို့ဆောင်မှုများကို ဟန့်တားခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်သားများကို ပစ်မှတ်ထားခြင်း အစရှိသည့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်၏ မဟာဗျူဟာနှင့် ဆက်လက် ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် လိင်နှင့်ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှု ကျူးလွန်ခံရသူများ အတွက် အရေးပေါ် ကူညီ ထောက်ပံ့မှုရရှိရန် အတွက် အကန့်အသတ်များ ရှိနေသေးသည်ကို အလေးထား သတိပြုသင့်ပါသည်။ စွမ်းအသင်းအနေဖြင့် ကျူးလွန်ခံရသူများ အတွက် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ အပြင် ဘဏ္ဍာရေးနှင့် အခြားထောက်ပံ့ရေးများ၊ စိတ်ပိုင်းဆိုင်ရာ လူမှု အထောက်အကူ ဝန်ဆောင်မှု အစရှိသည့် အရေးပေါ်ဝန်ဆောင်မှုများ ဆက်လက် ထောက်ပံ့ပေးနေပါသည်။ စွမ်းအသင်းနှင့် ချိတ်ဆက်ထားသည့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျူးလွန်ခံရသူများနှင့် ၎င်းတို့ မိသားစုများ အတွက် တတ်နိုင်သမျှ အကောင်းဆုံး ဆောင်ရွက်ပေးနေပါသည်။ ယခု နှစ်လအတွင်း လိင်နှင့် ကျား-မ အခြေပြု အကြမ်းဖက်ခံရသူများ အတွက် အမှုဆိုင်ရာ ကိစ္စများကို စွမ်းမှ တိုက်ရိုက်ကူညီဆောင်ရွက်ပေးမှု မရှိသေးပါ။

## ရှမ်းပြည်နယ် မြောက်ပိုင်းက စစ်ဘေးရှောင် စခန်းများ အတင်းအကြပ် ပိတ်သိမ်းခံရခြင်း

အောက်တိုဘာလ အတွင်း၌ အာဏာသိမ်းစစ်တပ်က ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ဘေးရှောင်စခန်းများကို ၂၀၂၂ ခုနှစ် အကုန်တွင်၊ တချို့ကို အမြန်ဆုံးနှင့် မဖြစ်အနေ ပိတ်သိမ်းရန် ကြေညာခဲ့ပါသည်။ အထူးသဖြင့် ကျောက်မဲ၊ နမ္မတူ၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း နှင့် မူစယ်မြို့နယ်များ အတွင်း စခန်းများ ပိတ်သိမ်းရန် အမိန့်ထုတ်ခဲ့ပါသည်။ စခန်းပိတ်သိမ်းရန်

အမိန့်ထုတ်ခံထားရသည့် စစ်ဘေးရှောင် အရေအတွက် ၁၄,၀၀၀ ခန့် ရှိသည်ဟု သတင်းအရင်းအမြစ် အချို့က ခန့်မှန်းကြပါသည်။[18]

အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျောက်မဲမြို့နယ်အတွင်းရှိ ထောင်ချီသော စစ်ဘေးရှောင်များကို အာဏာသိမ်းစစ်တပ်က အတင်းအကြပ် နေရပ်သို့ ပြန်စေသော်လည်း တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) က ၎င်းစစ်ဘေးရှောင်များကို ၎င်းတို့ သက်ဆိုင်ရာ နေရပ်သို့ ဝင်ခွင့်မပြုခဲ့ပါ။ ထို့ကြောင့် စစ်ဘေးရှောင် အချို့သည် ရှမ်းပြည်နယ် တောင်ပိုင်း ဟိုပုံးဘက်သို့ ပြောင်းရွှေ့ခဲ့ရပါသည်။[19]

နမ္မတူနှင့် နမ့်ခမ်း မြို့နယ်များရှိ ကချင်နှစ်ခြင်းအသင်းတော် (KBC) က တာဝန်ယူထားသည့် စခန်းနှစ်ခုကိုလည်း ပိတ်သိမ်းရန် အမိန့်ပေးထားပြီး ဖြစ်ပါသည်။ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ယူအန်အိုချာနှင့် စစ်အစိုးရ ကိုယ်စားလှယ် တဦး နမ္မတူသို့ သွားရောက်ကာ စခန်းတခု နေရာပြောင်းရွှေ့ရေး အတွက် ဆွေးနွေးခဲ့ကြပါသည်။ သို့သော်လည်း နေရာသစ်တွင် နေထိုင်စရာ ယာယီ အဆောက်အအုံများ ဆောက်လုပ်ရန် စစ်ဘေးရှောင်များ အနေဖြင့် ဆောက်လုပ်ရေး ပစ္စည်းများ တတ်နိုင်ခြင်း မရှိသော်လည်း အလှူရှင်များ၏ အကူအညီကို စောင့်ဆိုင်းမည့်အစား မိုးကာဖျင်စများ ဝယ်ယူကာ ယာယီတဲများ ထိုးကာ နေထိုင်ရန် စီမံကြရပါသည်။[20]

စစ်ဘေးရှောင် စခန်းများကို မဖြစ်အနေ ပိတ်သိမ်းရန် အာဏာသိမ်းစစ်တပ်က အမိန့်ပေးသည့် အကြောင်းကို Transnational Institute (TNI) နှင့် အခြား လူထုအခြေပြုအဖွဲ့အစည်းများ/အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများက အများသိအောင် ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ပြောင်းရွှေ့ရမည့် စခန်းနေရာသစ်များ အကြောင်းနှင့် ပတ်သက်၍ ကောင်းမွန်စွာ ဖွဲ့စည်းထားသည့် စခန်းကော်မတီများကိုလည်းကောင်း၊ စစ်ဘေးရှောင်များလည်းကောင်း၊ စစ်ဘေးရှောင်များကို လက်ခံထားသည့် လူမှုအဖွဲ့အစည်းများကိုလည်း တိုင်ပင်ခြင်းမရှိပေ။ ထို့ကြောင့် စစ်ဘေးရှောင်များ အနေဖြင့် မရေရာသည့် အခြေအနေတွင် နေထိုင်နေပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ သေရေးရှင်ရေး တမျှ လိုအပ်လျက်ရှိပါသည်။ စခန်းရှိ စစ်ဘေးရှောင်များ၊ ခေါင်းဆောင်များနှင့် တိုက်ရိုက် စကားပြောခွင့်ရခဲ့သည့် TNI ကိုယ်စားလှယ် တဦးက "*တကယ်ပါ။ ရှမ်းပြည်က စစ်ဘေးရှောင်တွေကို သူတို့ တကယ်တမ်းလိုချင်နေတဲ့ အချိန်မှာ ကူညီဖို့ဆိုရင် သူတို့ရဲ့ ကိုယ်ပိုင် အတွေ့အကြုံတွေ၊ စခန်းအတွင်းက သူတို့ အခြေအနေနဲ့ မြေပြင်အခြေအနေတွေနဲ့ ပတ်သက်လို့ တကယ်တမ်း သူတို့သိထားတာတွေ အပေါ် အခြေခံပြီးမှ ကူညီဆောင်ရွက်သင့်ပါတယ်။ သူတို့ ပြောတာ နားထောင်ကြည့်တော့ ရှင်းပါတယ်။ ငြိမ်းလားခြောက်လားနဲ့ စခန်းကို ပိတ်ပစ်မယ်ဆိုရင် အန္တရာယ်ရှိပြီး ဆင်ခြတုံတရားမရှိတဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဝမ်းနည်းစရာ ကောင်းမယ့် အကျိုးဆက်တွေ ဖြစ်လာနိုင်ပါတယ်။*"[21]

[18] "Camp Closure without Viable Plan". *Transnational Institute*. https://www.tni.org/en/article/camp-closure-without-viable-plan. 25 October, 2022.
[19] https://english.shannews.org/archives/25535
[20] Local source from the Community Analysis Support System (CASS). 16 October, 2022.
[21] "Northern Shan IDP Camps being forcibly closed by Myanmar junta". *BNI Online*. https://www.bnionline.net/en/news/northern-shan-idp-camps-being-forcibly-closed-myanmar-junta. 30 October, 2022.

## စွမ်းအဖွဲ့က စစ်ဘေးရှောင်များအား ထောက်ပံ့ ခြင်း

စက်တင်ဘာလနှင့် အောက်တိုဘာလ အတွင်း ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်နှင့် PDF များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်များသို့ ပြောင်းရွှေ့လာသည့် စစ်ဘေးရှောင်များ ပိုများပြားလာပါသည်။ ဆီဆိုင်၊ ပင်လောင်းနှင့် ညောင်ရွှေ ဒေသများရှိ စစ်ဘေးရှောင်များသည်လည်း ဆန်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပါသည်။ စစ်ဘေးရှောင် အချို့မှာ တရက်လျှင် ဆန်ပြုတ် နှစ်ပန်းကန်မျှသာ စားသောက်နေရပါသည်။

စွမ်းအသင်းအနေဖြင့် တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်နှင့် နောင်ချိုမြို့နယ်များရှိ စစ်ဘေးရှောင်များကို ထောက်ပံ့ပေးလျက်ရှိပြီး စစ်ဘေးရှောင် စာရင်းများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | မြို့နယ် | လူကြီး | | မသန်စွမ်း | | ကလေး | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | |
| ၁ | တောင်ကြီး | ၁၄၆ | ၁၈၅ | ၈ | ၁၀ | ၁၀၀ | ၁၀၅ | ၅၅၄ |
| ၂ | ညောင်ရွှေ | ၁၂၃ | ၁၅၃ | | | ၈၇ | ၈၇ | ၄၅၀ |
| ၃ | ရပ်စောက် | ၁၂ | ၁၄ | | | ၄ | ၅ | ၃၅ |
| ၄ | နောင်ချို | ၁၀၃ | ၁၆၁ | ၃ | ၂ | ၇၂ | ၉၆ | ၄၃၇ |
| | | | | | | | | |
| စွမ်းမှ ထောက်ပံ့ခဲ့သည့် စစ်ဘေးရှောင် စုစုပေါင်း | | | | | | | | ၁,၄၇၆ |

ယခုအခါ ကရင်နီ/ကယားပြည်နယ်မှာ တိမ်းရှောင်လာသည့် စစ်ဘေးရှောင်များလည်း တောင်ကြီးမြို့တွင် ခိုလှုံလျက် ရှိပါသည်။ တောင်ကြီးမြို့သို့ အသစ်ထပ်မံ ရောက်ရှိလာသည့် စစ်ဘေးရှောင်များသည် တရားဝင် စခန်းများတွင် ခိုလှုံနေခြင်း မဟုတ်ဘဲ ယာယီ စခန်းများတွင် နေထိုင်လျက် ရှိပါသည်။ ညောင်ရွှေမြို့နယ်သို့ ထပ်မံ ရောက်ရှိလာသည့် စစ်ဘေးရှောင်များသည် ကျေးရွာ နှစ်ရွာတွင် ခိုလှုံလျက် ရှိပြီး ကရင်နီ/ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်း မိုးဗြဲဒေသမှ တိမ်းရှောင်လာကြသူများ ဖြစ်ပါသည်။ ရပ်စောက်မြို့အတွင်းက စခန်း တခုတွင် ခိုလှုံလျက် ရှိသည့် စစ်ဘေးရှောင် အများစုသည် ကျောက်မဲမြို့နယ်မှ တိမ်းရှောင်လာကြသူများ ဖြစ်ပါသည်။ နောင်ချိုမြို့နယ် အတွင်းသို့ ထပ်မံ တိမ်းရှောင်နေရသူများသည် ဒေသတွင်းက ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေကြရပြီး မူစယ်၊ လားရှိုးနှင့် လင်းခေး ခရိုင်များက တိမ်းရှောင်လာကြသူများ ဖြစ်ပါသည်။

## စစ်ဘေးရှောင်များအတွက် အထူးထောက်ပံ့မှု

စွမ်းအသင်းအနေဖြင့် ဆန်၊ ခေါက်ဆွဲ၊ ကုလားပဲ အစရှိသည့် အခြေခံ စားသောက်ကုန်များနှင့် အိုးခွက်ပန်းကန်များ၊ ခြုံစောင်များ၊ မိုးကာဖျင်စများနှင့် ဆေးဝါးများ ထောက်ပံ့ပေးပါသည်။ တရားဝင်မဟုတ်သည့် စစ်ဘေးရှောင် စခန်း

ခေါင်းဆောင်များ၊ စခန်းကော်မတီဝင်များ ထောက်ပံ့ရေး ပစ္စည်းများ သွားထုတ်သည့်အခါ၊ စခန်းများသို့ သွားဖြန့်ဝေပေးသည့်အခါ ကုန်ကျသည့် ခရီးစရိတ် အချို့တဝက်ကိုလည်း ထောက်ပံ့ခဲ့ပါသည်။ ထို့အပြင် စွမ်းအသင်းက သောက်သုံးရေနှင့် ဆပ်ပြာ အပါအဝင် သန့်ရှင်းရေးသုံး ပစ္စည်းများလည်း ထောက်ပံ့ပေးခဲ့ပါသည်။ အမျိုးသမီးများ အတွက် လစဉ်သုံး ပစ္စည်းနှင့် အတွင်းခံများလည်း ထောက်ပံ့ပေးခဲ့သည့်အပြင် ကိုယ်ဝန်ဆောင် အမျိုးသမီးများ အတွက် ပဲနို့များကို ဖြည့်စွက် အာဟာရအဖြစ် ထောက်ပံ့ပေးခဲ့ပါသည်။ စစ်ဘေးရှောင် အမျိုးသမီးနှင့် ကလေးငယ်များ အတွက် စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် အတွက် အကန့်အသတ် ရှိနေပါသည်။ ထို့ကြောင့် စွမ်းအဖွဲ့ အနေဖြင့် အကောင်းဆုံး ဒေသခံ လူထု၏ အရေးပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် မဟာဗျူဟာများ ဆက်လက်ချမှတ်လျက် ရှိပါသည်။

## လက်ရှိဖြစ်ပေါ်နေသော လူသားချင်းစာနာမှုဆိုင်ရာ အကြပ်အတည်း အပေါ် ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်ချက်

### *မြန်မာနိုင်ငံ ယူအန်အိုချာရုံး (ကုလသမဂ္ဂ လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး)*

စစ်ဘေးရှောင်များ၊ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ကိန်းဂဏန်းများကို ယူအန်အိုချာရုံးက အောက်တိုဘာလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။[22] မြန်မာနိုင်ငံ တဝှမ်းတွင် စစ်ဘေးရှောင်နေရသူများ ၁.၄ သန်းထက် မနည်းရှိပြီး ၎င်းတို့အထဲမှ ၁.၁ သန်းသည် စစ်အာဏာသိမ်းကတည်းက တိမ်းရှောင်နေကြရသူများ ဖြစ်ကြသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ယခု ပထမနှစ်ဝက် အတွင်း ၃.၁ သန်း အထိ တိုးပွားလာသည့် စစ်ဘေးရှောင်နှင့် စစ်ဘေးဒဏ်ခံရသူများအတွက် အရေးတကြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အပြင် ဆက်လက် ကျယ်ပြန့်လာနိုင်မည့်ဒေသများအတွက်လည်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ဘေးရှောင် စခန်းများကို အတင်းအကြပ် ပိတ်သိမ်းမည့် အရေးနှင့် ပတ်သက်၍ ယူအန်အိုချာရုံးအနေနဲ့ အာဏာသိမ်း စစ်တပ် ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ဆွေးနွေးခဲ့ပါသည်။

### *ထိုင်းနိုင်ငံ ယူအန်အိတ်စီအာ (ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ) က ထိုင်းတော်ဝင်အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ တုံ့ပြန် ဆောင်ရွက်ချက်*

ထိုင်းနိုင်ငံအတွင်း ခိုလှုံခွင့် တောင်းခံသူများနှင့် ပတ်သက်၍ 'နိုင်ငံတော် စိစစ်ရေး လုပ်ထုံးလုပ်နည်း' ဆိုသည့် စံသတ်မှတ်ချက်များကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထိုင်းတော်ဝင်အစိုးရက အတည်ပြုလိုက်ပါသည်။[23] ဤဆုံးဖြတ်ချက်သည် စွမ်းအသင်း၏ လှုပ်ရှားရာဒေသများတွင် ပါဝင်သည့် ထိုင်း–မြန်မာနယ်စပ်ဒေသ တလျှောက်ရှိ

[22] Myanmar Humanitarian Update No. 23, 31 October, 2022. *UNOCHA*. https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-23-31-october-2022?_gl=1*1rb1hq4*_ga*NzY2MjgxMTkyLjE2NjgxNDAyMTE.*_ga_E60ZNX2F68*MTY2ODE0MDIxMC4xLjAuMTY2ODE0MDIxMC42MC4wLjA.

[23] "Thailand Sets Long Awaited Rules for Vetting Asylum Seekers" *VOA News*. https://www.voanews.com/a/thailand-sets-long-awaited-rules-for-vetting-asylum-seekers/6801600.html. 23 October, 2022.

ရှမ်းလူမှုအသိုင်းအဝိုင်း အပါအဝင် လက်ရှိထိုင်းနိုင်ငံတွင် နိုင်ငံရေးအရ ခိုလှုံလျက်ရှိသည့် မြန်မာနိုင်ငံသား အားလုံးအပေါ် ရိုက်ခတ်မှုရှိပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များ အကြား တိုက်ပွဲများကြောင့် ချင်းမိုင်ခရိုင်ရှိ ဝိန်းဟန်နှင့် ဖန်မြို့နယ် သို့ ထပ်မံတိမ်းရှောင်လာသူများ ပင်ဖြစ်သည်။ စွမ်းအသင်းက ထောက်ပံ့ပေးနေသည့် မူလတန်းကြိုကျောင်းများနှင့် မူလတန်းကျောင်းများ၊ ဆရာ/ဆရာမများကို ထိုင်းနိုင်ငံ ဒေသန္တရ အာဏာပိုင်များက မြန်မာနိုင်ငံဘက်သို့ 'ကျောင်းသားကျောင်းသူများအား ပြန်ပို့ရန်' ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရပြီ ဖြစ်ပါသည်။ ဆရာ/ဆရာမများ အနေဖြင့် ကျောင်းသားကျောင်းသူများ လုံလုံခြုံခြုံနှင့် ကျောင်းအတွင်း ပညာသင်ကြားနိုင်ရေး အတွက် စီမံနေရပါသည်။ ရေရှည်တွင် ကျောင်းသားကျောင်းသူများ ပညာရေး အခွင့်အလမ်းများ ပိုမိုရရှိရန် အလို့ငှာ ထိုင်းအစိုးရက ထုတ်ပေးသည့် သက်သေခံကတ်ပြား တမျိုးမျိုးရရှိစေရန် ဆရာ/ဆရာမများက ကူညီဆောင်ရွက်ပေးဖို့ ရှိပါသည်။ သို့သော် အောက်တိုဘာလ ၅ ရက်နေ့ ဆုံးဖြတ်ချက်သည် ကျောင်းသားကျောင်းသူများ၏ မိဘများကိုပါ သက်ရောက်ဖို့ အလားအလာများပါသည်။ အဆိုပါမိဘအများစုသည် ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ကြပါသည်။

ထို့အပြင် ထိုင်းနိုင်ငံ အတွင်း နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားသူများနှင့် ဒုက္ခသည်များအား သတ်သတ်မှတ်မှတ် ခွဲခြားထားခြင်း မရှိသည့်အတွက်ကြောင့် အဆိုပါ အုပ်စု နှစ်ခု အပေါ် လက်တွေ့ သက်ရောက်လာနိုင်မှုများနှင့် ပတ်သက်၍ လူထုအခြေပြုအဖွဲ့အစည်း/အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများက စိုးရိမ် ပူပန်လျက်ရှိပါသည်။ အဆိုပါ အစီအစဉ် အတွက် သတ်မှတ်ချက်များတွင် ခြွင်းချက်များစွာလည်း ရှိပါသည်။ ဤအစီအစဉ်သည် "*ဝင်လာမယ့် လူတွေထက် ထွက်ခွာမယ့် လူတွေကို စိစစ်မယ့် လုပ်ထုံးလုပ်နည်း ဖြစ်နိုင်တယ်*" ဟု ဒေသတွင်း ဥပဒေ အကူအညီပေးအဖွဲ့ ဖြစ်သည့် ဒုက္ခသည် အခွင့်အရေး တရားရေးဆိုင်ရာ စီမံကိန်းက ဝါရီဆာရီ ရုံးထောင်း က ပြောပါသည်။ "*တချို့လူတွေက တချိန်တည်းမှာပဲ အခြေအနေ အဆင့်အတန်း တမျိုးထက်ပိုပြီး ပိုင်ဆိုင်ထားတယ်*" ဟု သူမက ပြောပြပါတယ်။ "*ဥပမာ၊ သင်က ရွှေ့ပြောင်းအလုပ်သမား တယောက်ဖြစ်တာကြောင့် ရှင်ဟာ ဒုက္ခသည် တယောက်မဖြစ်ဘူးလို့ မဆိုလိုနိုင်ဘူး" ဟု ရှင်းပြပါသည်။*"[24] နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ အတွက် အဆင့်အတန်း သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ငြင်းဆန်ထားသော်လည်း ထိုင်းတော်ဝင်အစိုးရ၏ ဆုံးဖြတ်ချက်ကို ယူအန်အိတ်စီအာက ကြိုဆိုလိုက်ပါသည်။

## အရေးတယူ ဆောင်ရွက်ရန် စွမ်းအသင်း၏ တောင်းဆိုချက်များ

- ရှမ်းပြည်နယ် အတွင်းရှိ စစ်ဘေးရှောင်များနှင့် ၎င်းတို့အား လက်ခံစောင့်ရှောက်ပေးထားသည့် ရပ်ရွာများ အတွက် အကာအကွယ်ပေးရာတွင်လည်းကောင်း၊ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရာတွင်လည်းကောင်း နယ်စပ်ဖြတ်ကျော် ထောက်ပံ့ရေး ကွန်ရက်ကို အသုံးပြုရန် လက်နက်ကိုင်အဖွဲ့များ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အစရှိသည့် သက်ဆိုင်သူ အားလုံးကို တောင်းဆိုပါသည်။
- ရှမ်းပြည်နယ် အတွင်း လက်နက်ကိုင်အဖွဲ့များက အတင်းအကြပ် စစ်သားစုဆောင်းသည့် အန္တရာယ်မှ ထိုင်းနိုင်ငံသို့ ထွက်ပြေးလာသည့် ကလေးသူငယ်များကို အရေးပေါ် ကူညီထောက်ပံ့မှုများ ပေးရန် ထိုင်း–မြန်မာ နယ်စပ်တလျှောက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများကို တောင်းဆိုပါသည်။
- မြန်မာနိုင်ငံသို့ ပြည်နှင်ဒဏ် အပေးခံနိုင်သည့် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည့် ထိုင်း–မြန်မာ နယ်စပ် တလျှောက်ရှိ

[24] "Thailand Sets Long Awaited Rules for Vetting Asylum Seekers" *VOA News*. https://www.voanews.com/a/thailand-sets-long-awaited-rules-for-vetting-asylum-seekers/6801600.html. 23 October, 2022.

အမျိုးသမီး အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးရန် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများကို တောင်းဆိုပါသည်။

- လိင်နှင့် ကျား-မအခြေပြု အကြမ်းဖက်မှု ကျူးလွန်ခံရသူများအား အရေးပေါ် ထောက်ပံ့ရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဒေသန္တရ အမျိုးသမီး အဖွဲ့အစည်းများအား ဘဏ္ဍာရေး အကူအညီများ ပေးအပ်ရန် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများကို တိုက်တွန်း တောင်းဆိုပါသည်။
- အမျိုးသမီးများ အထူးသဖြင့် လိင်၊ ကျား-မ အခြေပြု အကြမ်းဖက်မှု နှင့် အိမ်တွင်းအကြမ်းဖက်မှုများ ကျူးလွန်ခံရသူ အပေါ် ခွဲခြားဆက်ဆံခြင်း မပြုရန်၊ ကျူးလွန်ခံရသူများ အပေါ်သာ အပြစ်ပုံချခြင်းများ မပြုရန် ဒေသန္တရ အာဏာပိုင်များအား တိုက်တွန်းအပ်ပါသည်။
- ရှမ်းပြည်နယ် တဝှမ်း ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် သက်ဆိုင်သည့် အကြမ်းဖက်မှုများအကြောင်းကို စနစ်တကျဖြင့် ပိုမိုတင်ဆက်ပေးပါရန် သတင်းမီဒီယာများအား တိုက်တွန်းအပ်ပါသည်။
- လူသားချင်းစာနာမှု အကူအညီများ လိုအပ်နေသည့် အရပ်သားများထံ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ အတားအဆီးမရှိ ဝင်ရောက်ကူညီခွင့်ပြုရန် ဗမာစစ်တပ်/အာဏာသိမ်းစစ်တပ်အား ဖိအားပေးဖို့ အာစီယံ ခေါင်းဆောင်များအား တိုက်တွန်းတောင်းဆိုပါသည်။ ထို့အပြင် အာဏာသိမ်း စစ်တပ် ကိုယ်စားလှယ်များအား အာစီယံ အစည်းအဝေးသို့ ဖိတ်ကြားခြင်းမပြုရန်၊ စစ်အာဏာသိမ်းမှုနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ဟုဆိုသည့် စစ်တပ်ကို လက်မခံရန် အာစီယံ ခေါင်းဆောင်များအား တောင်းဆိုပါသည်။
- ဖြစ်စဉ်များတွင် ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးသူများကို ထောက်ပံ့ခြင်းနှင့် အမျိုးသမီး အခွင့်အရေး ကာကွယ်ပေးနေသူများ အစရှိသည့် အရေးပေါ် အကူအညီများ ပေးနေသည့် ဒေသတွင်း အဖွဲ့အစည်းများကို ထောက်ပံ့ကူညီရန် အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို တောင်းဆိုပါသည်။

---

# Contact info:

Kenneri@shanwomen.org
swanmedia@shanwomen.org

@Shanwomen

www.shanwomen.org